# ထီးဆောင်းကျေးရွာ

# မတူပီမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း(၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထီးဆောင်းကျေးရွာ၊ မတူပီမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| | |
|---|---|
| မာတိကာ | ၂ |
| အတိုကောက်စကားလုံးများ | ၆ |
| စကားချီး | ၇ |
| ထီးဆောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မတူပီမြို့နယ် | ၉ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၁၀ |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၀ |
| (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၂ |
| (က) တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၂ |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | |
| (စ) ကျားမ ဆိုင်ရာဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၁၄ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦ - လက်လှမ်းမှီ ရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၇ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ | |
| (ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | |
| (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ | ၁၉ |

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

( ခ ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း

( ဂ ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရွေးချယ်မှုများ ၂၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၁

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၂

(က) ကြီးကြပ်စစ်ဆေးခြင်း

( ခ ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

( ဂ ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၃၅

(၁) ကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၅) ဥစ္စာနေ အဆင့် အခြေအနေ

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေးအထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉**
ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)** ၇၂
ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ကိုးကားစာရင်း** ၇၇

**အပိုင်း (ခ) စီမံကိန်းဆိုင်ရာ အချက်အလက်** ၇၈

စီမံကိန်းဆိုင်ရာ အချက်အလက်ပုံစံ

**အတိုကောက်စကားလုံးများ**

| | |
|---|---|
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသော ဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MOAI | လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MoLFRD | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| PTA | မိဘဆရာအသင်း |
| VDC | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| VTDSC | ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို တွင်ကျယ်စွာသုံးစွဲလုပ်ဆောင်ခြင်း နည်းပါးနေပါသေးသည်။ အားလုံးပူးပေါင်းပါဝင်ပြီး ကျေးရွာစီမံကိန်းများရေးဆွဲခြင်းနည်းလမ်းကိုအသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေး အဖြေရှာတတ်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မတူပီမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုစီစဉ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွဲဖက်လုပ်ဆောင်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမ ကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင် ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် အဆင့် အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ(၃၀) ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထီးဆောင်းကျေးရွာ
မတူပီမြို့နယ်၊ ချင်းပြည်နယ်

## ထီးဆောင်းကျေးရွာပြမြေပုံ၊မတူပီမြို့နယ်၊ချင်းပြည်နယ်






## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွနုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါ သည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အ ထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ

ပထဝီဝင်အနေအထားအရ ချင်းပြည်နယ် (ထီးဆောင်းကျေးရွာ) သည် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသောဒေသတစ်ခု ဖြစ်ပါသည်။ မတူပီမြို့နယ်သည် ချင်းပြည်နယ်တောင်ပိုင်းဒေသတွင် တည်ရှိပြီး၊ မင်းတပ်မြို့၊ ကန်ပက်လက်မြို့များနှင့် ထိဆက်လျှက်ရှိပါသည်။ ထီးဆောင်းကျေးရွာသည် မတူပီမြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်းတွင်တည်ရှိသော ချင်းရွာတစ်ရွာဖြစ်ပါသည်။ တောင်တန်းထူထပ်သောဒေသဖြစ်ပြီး၊ သဘာဝသယံဇာတအနည်းငယ်ထွက်ရှိသောဒေသတစ်ခု ဖြစ်သည်။

### (ခ) မြေမျက်နှာသွင်ပြင်အနေအထား

ထီးဆောင်းကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ တောင်ကုန်းထူထပ်သောဒေသဖြစ်သည်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအထိ တိုင်းတာချက်အရ မိုးရေချိန်စုစုပေါင်း (၁၁၁.၃၃) လက်မရရှိသောဒေသဖြစ်ပြီး၊ တောတောင်ထူထပ်သောဒေသဖြစ်ပါသည်။ မတူပီမင်းတပ်ကားလမ်းပေါ်တွင်တည်ရှိပြီး၊ ရေ၊ မြေနှင့် တောင်ယာသစ်တောပေါ်များသောဒေသ ဖြစ်ပါသည်။ တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ၊မိုးရာသီတွင် လမ်းပမ်းဆက်သွယ်ရေးခက်ခဲကြောင်းတွေ့ရှိရပါသည်။

### (ဂ) သဘာဝအရင်းအမြစ်များ

သဘာဝအရင်းအမြစ်နှင့်ပတ်သက်၍ လမ်းခင်းကျောက်နှင့် သဲများကို ရွာနားရှိ လေမြို့ချောင်းမှ အလွယ်တကူရရှိနိုင်ပါသည်။ နတ်ဆေးဂမုန်း၊ မျှစ်၊ ဝဥနှင့် ရှားပါးကြိမ်များကို ဘုံတလာရေတံခွန် အပေါ်ပိုင်းတွင် ရရှိနိုင်ကြောင်းသိရသည်။ နတ်ဆေးဂမုန်းသည် ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်ပြီး စီးပွါးဖြစ်ကျယ်ကျယ်ပြန့်ပြန့် ထုတ်နိုင်ခြင်းမျိုးမဟုတ်ဘဲ ဝမ်းလျှော/ ပျက်ကုသရာတွင်သာ ရွာသားများက အသုံးပြုကြသည်။ကြိမ်နှစ်မျိုးရှိသည်။ တစ်မျိုးသည် အလုံးပိုကြီးပြီးခိုင်ခန့်မှုပိုင်းတွင် အားနည်းချက်ရှိသောကြောင့်ဈေးကောင်းမရနိုင်ပါ။ အခြားတစ်မျိုးသည် အလုံးပိုသေးငယ်ကျစ်လစ်ပြီး ပို၍ခိုင်ခန့်ကာဈေးကောင်းရနိုင်သည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ထီးစောင်းကျေးရွာသည် အိမ်ခြေစုစုပေါင်း (၄၈) အိမ် ရှိပြီး၊ လူဦးရေမှာ (၁၉၇) ဦးမျှသာရှိပါသည်။ ၁၅-၆၀နှစ်ကြား လူဦးရေမှာကျေးရွာ၏ (၆၀) ရာခိုင်နှုန်းကျော်ရှိပြီး၊ (၁) နှစ်အောက်လူဦးရေသည် (၀.၅) ရာခိုင်နှုန်းသာရှိပါသည်။ အသက် (၆၀) နှစ်အထက် လူဦးရေမှာလည်း စုစုပေါင်း (၉)ဦးသာရှိပြီး၊ ကျေးရွာလူဦးရေ၏ (၄.၆) ရာခိုင်နှုန်းမျှသာရှိပါသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

ကျေးရွာအခြေအနေကို ကျေးရွာသူ/ ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသတင်းအချက်အလက်များအရ၊ အဆင်ပြေသောအိမ်ထောင်စု ၁၆ ရာခိုင်နှုန်း၊ အလယ်အလတ်အဆင်ပြေသောအိမ်ထောင်စု ၂၁ ရာခိုင်နှုန်း၊ ဆင်းရဲသောအိမ်ထောင်စု ၃၈ ရာခိုင်နှုန်းနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု ၂၅ ရာခိုင်နှုန်းရှိကြောင်းတွေ့ရှိရသည်။ အဆင်ပြေသောအိမ်ထောင်စုများတွင် ဆန်စက်၊ မီးစက်၊ ဆိုင်ကယ် (၂-၃) စီး၊ တီဗွီ၊ စလောင်းများပိုင်ဆိုင်ကြောင်းသိရှိရသည်။ အခြားပိုင်ဆိုင်မှုအနေဖြင့် နွားနောက် (၃-၅) ကောင်နှင့် ကျွဲအချို့ပိုင်ဆိုင်ထားကြောင်းလည်း သိရှိရသည်။ အဆင်ပြေသောအိမ်ထောင်စုများသည်လယ် (၁.၅-၂) ဧက၊ အလယ်အလတ်ရှိသောအိမ်ထောင်စုများသည် လယ် (၁-၁.၅) ဧကအထိလည်းကောင်း၊ ဆင်းရဲသော်အိမ်ထောင်စုများသည် လယ် (၁) ဧကပိုင်ဆိုင်ကြကြောင်းသိရှိရသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာအိမ်ထောင်စု၏ (၃၇) ရာခိုင်နှုန်းမှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြပြီး၊ (၂၅) ရာခိုင်နှုန်းခန့်မှာ အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာရှိအမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများသည် အတည်တကျဝင်ငွေရလုပ်ငန်းမရှိကြသဖြင့် စားဝတ်နေရေးပြေလည်မှုမရှိကြပေ။ ဆင်းရဲသောအမျိုးသမီး ဦးဆောင်အိမ်ထောင်စု (၅) စုရှိကြောင်းတွေ့ရှိရသည်။ မိသားစုစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် (၁) ဦးသာရှိပါသည်။ မြေပြိုကျခြင်းများကြောင့် အိမ်ပြိုကျပျက်စီးမှုများရံဖန်ရံခါ ဖြစ်တတ်လေ့ရှိပြီး၊ ဆိုးဝါးစွာဖြစ်ပွားခြင်းမရှိပေ။ တောမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာအတွက် မီးရှို့ခြင်းများကြောင့်မီးဘေးကြုံရတတ်သည်။ သို့သော်ဆိုးဝါးစွာမဖြစ်ပွားပါ။ မိုးရာသီတွင်မိုးကြီး၍ မြေပြိုတတ်ခြင်းများမကြာခဏ ဖြစ်ပေါ်တတ်ပါသည်။ မြေဆီလွှာတိုက်စားမှုများကြောင့် မြေဆီသြဇာဆုံးရှုံးမှု များကြုံတွေ့ရတတ်သည်။ ထင်းမီးအတွက်အသုံးပြုခြင်း၊ တောမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာပြုလုပ်ခြင်းများကြောင့်သစ်တောများပြုန်းတီးလာသည်။

## (ဃ) ကျန်းမာရေး နှင့် အာဟာရ

အဖြစ်များသောရောဂါများမှာ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှောနှင့် အစာအိမ်နာတို့ ဖြစ်လေ့ဖြစ်ထရှိကြသည်။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုနှင့်ပတ်သက်၍ (၁၂) မိုင်ကွာဝေးသော မတူပီမြို့သို့သွားရောက်ကုသမှုများခံယူကြရသည်။ လိုအပ်သောလူသုံးဆေးများအားလည်း မတူပီမြို့ရှိဆေးဆိုင်များမှဝယ်ယူကြသည်။ ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးနှင့်ဆိုင်သောဝန်ထမ်းများ ကျေးရွာတွင်လုံးဝမရှိပေ။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ မူလတန်းအဆင့်သာရှိကြောင်းတွေ့ရှိရသည်။ ထီးဆောင်းကျေးရွာတွင်လုံးဝကျောင်းမနေသူ ၂၅%၊ မူလတန်းပညာရေးပြီးဆုံးသူ ၃၃%၊ အလယ်တန်းပညာရေးပြီးဆုံးသူများ ၁၈%၊ အထက်တန်းပညာရေးပြီးဆုံးသူ ၂၀% နှင့် တက္ကသိုလ်ပညာပြီးဆုံးသူ ၃% အသီးသီးရှိကြသည်။ ၎င်းရာခိုင်နှုန်းများသည် ၉ နှစ်အထက် လူဦးရေပေါင်း (၁၄၄) ယောက်ပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်သည်။ မူလတန်းကျောင်းဆရာ၊ ဆရာမ (၄) ဦးသာလျှင်ကျေးရွာတွင်ရှိသည်။

### (စ) ကျားမလူမှုရေးရာဆက်သွယ်မှု

ကျားမလူမှုရေးအပိုင်းနှင့်ပတ်သက်၍ အမျိုးသားများသည် သင်းအုပ်ဆရာဖြစ်ခွင့်များပြီး၊ အမျိုးသမီးများသည် အခွင့်အရေးနည်းပါးကြသည်။ ဘာသာရေးအသင်းများအရ အနည်းငယ်ခွဲခြားမှုရှိသော်လည်း၊ လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင်အတူတကွပူးပေါင်းပါဝင်လုပ်ကိုင်ကြသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်မှုတွင်လည်း အမျိုးသမီး၊ အမျိုးသားခွဲခြားမှုမရှိဘဲ၊အတူတကွစုပေါင်းလုပ်ကိုင်ကြကြောင်းသိရှိရသည်။

## (၄) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကောင်းမွန်သောဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ ကျေးရွာအတွင်းရှိ ဘာသာရေးအသင်းခေါင်းဆောင်များ၊ အခြားလူမှုရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှာ အားနည်းကြောင်းသိရှိရသည်။ ရပ်ရေးရွာရေးနှင့်ပတ်သက်၍ ခေါင်းဆောင်အချို့မှာအချိန်မပေးနိုင်ခြင်းကြောင့် ပူးပေါင်းညှိနှိုင်းမှုအနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

မြေယာပိုင်ဆိုင်မှုတွင် လယ်၊ ဥယျာဉ်ခြံမြေနှင့် ရွှေ့ပြောင်းတောင်ယာတို့ပါဝင်သည်။ (၂.၅ ) ဧကအောက်ပိုင်ဆိုင်သူများမှာ (၅၈) ရာခိုင်နှုန်းဖြစ်ပြီး၊ (၅-၁၀) ဧကကြားပိုင်ဆိုင်သူမှာ အိမ်ထောင်စု (၄) ဦးသာရှိပါသည်။ စပါးစိုက်ပျိုးနိုင်သောလယ်မြေဧက (၂၀) ကျော်သာရှိပြီး၊ စိမ့်စမ်းရေနှင့် မိုးရေဖြင့်စိုက်ပျိုးကြသည်။ ရွှေ့ပြောင်းတောင်ယာတွင်အဓိကအားဖြင့် ပြောင်းဖူးစိုက်ပျိုးပြီး ဥယျာဉ်ခြံတွင် လိမ္မော်၊ သံပုရာ၊ ငှက်ပျော၊ ဟင်းသီး/ ရွက်နှင့် ဝဥပင်များစိုက်ပျိုးကြသည်။ စားကျက်မြေဧက (၅၀၀) နှင့် ကြိုးဝိုင်းသစ်တောမြေဧက (၁၀၀၀) ရှိပါသည်။ ရွှေ့ပြောင်းတောင်ယာဟောင်း စုစုပေါင်းဧက (၈၀၀) ရှိပြီး၊ ယခုနှစ်အတွက် စိုက်ပျိုးခြင်းမပြုလုပ်ဘဲ၊ မြေချန်လုပ်ထားခဲ့ကြသည်။

တစ်ချို့တောင်သူများသည် လယ်ယာလုပ်ငန်းနှင့် ရွှေ့ပြောင်းတောင်ယာ နှစ်မျိုးစလုံးအားလုပ်ကိုင်ကြကြောင်းတွေ့ရသည်။ ကျေးရွာ၌ (၁၅-၆၀) နှစ်အတွင်းရှိအလုပ်လုပ်နိုင်သူများထဲမှ၊ (၁၇) ဦး

သည်မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည်။ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူများသည်ကျပန်းလုပ်သားဟုသတ်မှတ်၍မရပါ။ သို့သော်ရွှေ့ပြောင်းတောင်ယာကို ဆက်လက်မလုပ်ကိုင်နိုင်ပါကကျပန်းဖြစ်သွားနိုင်သည်။

အဓိကစိုက်ပျိုးသီးနှံနှင့်ပတ်သက်၍ မိုးစပါးနှင့်ပြောင်းဖူးအား စိုက်ပျိုးကြပါသည်။ ပြောင်းကိုအဓိကအားဖြင့် ရွှေ့ပြောင်းတောင်ယာ၌ စိုက်ပျိုးခြင်းဖြစ်ပြီး ၎င်းတောင်ယာကို တစ်နှစ်တစ်ကြိမ် ရွှေ့ပြောင်းခုတ်၊မီးရှို့ပြီးစိုက်ပျိုးကြကြောင်းသိရသည်။မိုးစပါးမှာပျမ်းမျှတစ်ဧကလျှင်(၄၅)တင်းနှုန်းထွက်ရှိပြီး၊သွင်းအားစုမတတ်နိုင်မှုနှင့် မျိုးစပါးအရည်အသွေးညံ့ဖျင်းလာမှုတို့ကြောင့်အထွက်နှုန်းမကောင်းရခြင်းဖြစ်သည်။ပြောင်းဖူးမှာရွှေ့ပြောင်းတောင်ယာတွင်စိုက်ပျိုးခြင်းဖြစ်ခြင်းကြောင့်အထွက်နှုန်းမှာအသင့်အတင့်ရှိပြီး၊တစ်ဧကလျှင် (၉)တင်းမျှ ထွက်ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်၍ နွားနောက်၊ ဝက်နှင့် ကြက်အဓိကမွေးမြူကြသည်။ ရေအရင်းအမြစ်ပေါများသောဒေသဖြစ်၍ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ကိုင်ကြသည်။ အိမ်ထောင်စု (၃)စု မှတစ်ပိုင်တစ် နိုင် ငါးကန် (၄) ကန်ပိုင်ဆိုင်ကြသည်။ အသားစားသုံးရန်နွားနောက် မွေးမြူကြပြီး၊ မတူပီနှင့် မင်းတပ်မြို့များတွင်ရောင်းချနိုင်ပါသည်။ တစ်ကောင်လျှင် (၁၀၀၀၀၀-၅၀၀၀၀၀) အထိရှိပြီး၊ အကောင်အသေးအကြီးပေါ်မူတည်ပြီး၊ ဈေးနှုန်းကွာခြားမှုရှိသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

ရွာပတ်ဝန်းကျင်ရှိလေမြို့ချောင်းမှ လမ်းခင်းကျောက်အလွယ်တကူ ရရှိနိုင်သောကြောင့် ကျောက်ခွဲစက်တည်ထောင်ပေးနိုင်ပါက ကျေးရွာရှိလက်လုပ်လက်စားများအတွက် ဝင်ငွေရရှိနိုင်မည်ဖြစ်သည်။ ရှားပါးကြိမ်များ သဘာဝအလျောက်ပေါများစွာ ပေါက်ရောက်သောဒေသဖြစ်သောကြောင့် ကြိမ်အားကုန်ချောအဖြစ်သို့ ပြောင်းလဲထုတ်လုပ်နိုင်ပါက ရွာသားများအနေဖြင့် အပိုဝင်ငွေရရှိနိုင်မည်ဖြစ်သည်။ ရွာပတ်ဝန်းကျင်ရှိဘုံတလာရေတံခွန်အနီးမှ ရှားပါးကြိမ်များကိုခုတ်ယူရရှိနိုင်ကြသည်။ ၎င်းကြိမ်ကိုအသုံးပြု၍ကြိမ်တောင်းများယက်လုပ်ကြပြီး၊ ရောင်းချခြင်းဖြင့်အပိုဝင်ငွေရရှိကြသည်။ ကျောက်ခွဲစက်တခု၌လုပ်သား (၁၂) ဦးခန့်အလုပ်ပေးနိုင်ပြီး ကျောက်ခွဲစက်တည်ထောင်ပေးနိုင်ပါက လက်လုပ်လက်စားများဝင်ငွေရရှိရေးအတွက် အထောက်အကူပြုနိုင်သည်။ ကျေးရွာနှင့် တစ်မိုင်ခန့်ဝေးသောနေရာတွင် ချင်းပြည်နယ်၏ထင်ရှားကျော်ကြားသော ဘုံတလာရေတံခွန်တည်ရှိပါသည်။ ပွင့်လင်းရာသီတွင်နိုင်ငံခြားသားဧည့်သည်တစ်ချို့နှင့် ခရီးသွားများလာရောက်အပန်းဖြေလေ့ရှိပါသည်။ မင်းတပ်မတူပီထီးဆောင်းလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပါက ခရီးသွားဧည့်သည်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများပိုမိုကောင်းမွန်လာနိုင်ပါသည်။

**(ဃ)   ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတစီမံခန့်ခွဲမှု**

မြေဆီလွှာထိန်းသိမ်းမှုမရှိဘဲ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ မိုးများခြင်း၊ တောမီးရှို့ခြင်း၊ ရေတိုက်စားခြင်းတို့ကြောင့် မြေဆီဩဇာပျက်စီးလာမှုမြင့်မားလာသည်။ တောမီးရှို့ခြင်းများကြောင့်မျိုးကွဲဇီဝမျိုးစိတ်အပင်များ ပျောက်ဆုံးလျော့နည်းလာကြောင်းတွေ့ရှိရသည်။ သီးနှံကာကွယ်ရေးဆိုင်ရာ အားနည်းခြင်း၊ ဗဟုသုတမရှိခြင်းများကြောင့် စပါးတွင်ကျရောက်သော ပိုးမွှားရောဂါအချို့အားထိရောက်စွာထိန်းချုပ်နိုင်မှုမရှိကြပေ။ စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ စနစ်တကျမီးရှို့ခြင်း၊ အမိုက်သိမ်းခြင်းများပြုလုပ်ကြ၍ အန္တရာယ်ဖြစ်မှုနိမ့်ပါးပါသည်။

**(င)   ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာ**

မြန်မာ့စီးပွားရေးဘဏ်တစ်ခုသာရှိပြီး၊ ငွေချေးမှုလုပ်ငန်းများပြုလုပ်ခြင်းမရှိပေ။ ငွေကြေးလက်လှမ်းမီမှုပိုင်းတွင်အားနည်းချက်ရှိပြီး ချေးငွေထုတ်ပေးသောအဖွဲ့အစည်းတစ်ခုမှ မရှိသေးကြောင်းတွေ့ရသည်။ ကျေးလက်ဦးစီးဌာနမှ ထောက်ပံ့ပေးသောမြစိမ်းရောင်စီမံကိန်းမှာလည်း ထီးဆောင်းကျေးရွာမပါဝင်ပေ။ ထို့ကြောင့်ဘဏ်လုပ်ငန်းနှင့် သက်ဆိုင်သောမူဝါဒများ၊ ပုဂ္ဂလိကငွေချေးအဖွဲ့များပေါ်ပေါက်လာရေးသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အလွန်အရေးကြီးသောအခန်းကဏ္ဍတစ်ခုတွင် ရှိပါသည်။

**(စ)   ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ထီးဆောင်းကျေးရွာတွင် မူလတန်းအဆင့်စာသင်ကျောင်းတစ်ခုသာရှိပါသည်။ စာသင်ကျောင်းအရွယ်အစားမှာ အလျား ၄၀ ပေ၊ အနံ ၂၀ ပေနှင့် အမြင့် ၁၀ ပေရှိပါသည်။ စာသင်ကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အမျိုးအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ သို့သော်ကျောင်းသုံးပရိဘောဂများမှာ အနည်းငယ်လုံလောက်မှုမရှိပါ။ ကျေးရွာအတွင်း၌သာ တည်ရှိသောကြောင့် ခြေကျင်ဖြင့်သာ ကျောင်းတက်ကြသည်။ ဆင်းရဲသောမိသားစုများအတွက် အစိုးရမှ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာထောက်ပံ့ကူညီပေးသော်လည်း၊ အခြားပစ္စည်းများထပ်မံဝယ်ယူရန် အခက်အခဲရှိနေသေးကြောင်းတွေ့ရှိရသည်။ အလယ်တန်းနှင့် အထက်တန်းပညာသင်ကြားမှုအတွက် မတူပီမြို့သို့သွားရောက်သင်ကြားရပါသည်။ မတူပီမြို့နှင့် (၁၂) မိုင်ခန့်ကွာဝေးပြီး၊ မိုးရာသီ၌မြေပြိုခြင်း၊ လမ်းပျက်ခြင်းများကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကြောင်း သိရှိရပါသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးပေးခန်း၊ ဆေးရုံနှင့်ကျန်းမာရေးဝန်ထမ်းများမရှိပေ။ ကျေးရွာသည်မတူပီမြို့နှင့် (၁၂) မိုင်ကွာဝေးပြီး၊ ခွဲစိတ်ကုသမှုအပိုင်းနှင့် အရေးပေါ်ကုသမှုအပိုင်းတွင် မတူပီမြို့နယ်သို့လာရောက်ကြသည်။ အခြားဆေးဝါးပစ္စည်းများအား၊ မတူပီမြို့ပေါ်၌သာဝယ်ယူရရှိနိုင်သည်။ မတူပီဆေးရုံတွင်အခန်းနှင့် ကုတင်များမှာလုံလောက်မှုရှိပြီး၊ မိုးရာသီ၌(၂၄) နာရီလျှပ်စစ်မီးရရှိကြောင်းသိရှိရသည်။ သောက်သုံးရေနှင့်ပတ်သက်၍တစ်နှစ်ပတ်လုံး လုံလောက်မှုရှိကြောင်းတွေ့ရှိရသည်။ စိမ့်စမ်းရေသွယ်တန်းခြင်းမှရေရရှိပြီး၊ UNDP မှထောက်ပံ့ပေးသော သောက်သုံးရေပိုက် (ပီဗွီစီ) များသည် ယခုအထိကောင်းမွန်လျှက်ရှိကြောင်း တွေ့ရသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်လူဦးရေနည်းပါးသော်လည်း ရွာ၏လူမှုရေး၊ နာရေး၊ သာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ညီလက်ညီပါဝင်ကြကြောင်း သိရသည်။ နာရေးကိစ္စဥ္စသချိုင်းတူးပေးခြင်း၊ ပညာရေးစုံညီပွဲတော်တွင် ဧည့်ခံကျွေးမွေးရေးများတွင်ပါဝင်ကြသည်။ ၎င်းအပြင်ဘာသာရေးပွဲများတွင် အကများဖြင့် ဖျော်ဖြေခြင်း၊ ကျွေးမွေးဧည့်ခံခြင်းတို့တွင် ပါဝင်ကူညီကြသည်။

## (ဇ) အခြေခံ အဆောက်အဦ - လက်လှမ်းမှီ ရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

အသေးစားရေအားလျှပ်စစ်သည် UN Habitat မှထောက်ပံ့ပေးပြီး ယခုနှစ်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်ပျောက်ဆုံးပျက်စီးခဲ့သည်။ ပြန်လည်ပြုပြင်နိုင်မှုများ မရှိသေးကြောင်းသိရှိရပါသည်။ ယခုလက်ရှိတွင်မူနှစ်ချင်းအသင်းတော်၏ ရေအားလျှပ်စစ်အသေးတစ်ခုအား ယာယီအသုံးပြုနေကြသည်။ ရွာအတွင်းတွင် ဖုန်းလိုင်းလုံးဝမရသောအခြေအနေတွင်ရှိသည်။ အဓိကအားဖြင့်စီဒီအမ်အေ (အမ်အီစီ) ကိုသာအသုံးပြုကြသည်။ ရွာထိပ်နှင့်ရွာအပြင်တွင် ဖုန်းလိုင်းအနည်းငယ်အသုံးပြုနိုင်သည်။ ရေဒီယို (၉) လုံးနှင့် တီဗွီ (၆) လုံးကျေးရွာတွင်ရှိပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ရွာအတွင်းတွင်ဖုန်းလိုင်းလုံးဝမရသော အခြေအနေတွင်ရှိသည်။ အဓိကအားဖြင့်စီဒီအမ်အေ (MEC) ကိုသာအသုံးပြုကြသည်။ ရွာထိပ်နှင့်ရွာအပြင်တွင် ဖုန်းလိုင်းအနည်းငယ်အသုံးပြုနိုင်သည်။ လုံခြုံရေးနှင့်ပတ်သက်၍ (၁) မိုင်ခန့်ကွာဝေးသော ဘုံတလာရေတံခွန်ရဲစခန်းမှ လုံခြုံရေးအကူအညီများ ရရှိနိုင်ပါသည်။

# (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

စပါးစိုက်ပျိုးနိုင်သော လယ်မြေဧက (၂၀) ကျော်သာရှိပြီး၊ စိမ့်စမ်းရေနှင့် မိုးရေဖြင့်စိုက်ပျိုးကြသည်။ ရွှေ့ပြောင်းတောင်ယာတွင် အဓိကအားဖြင့် ပြောင်းဖူးစိုက်ပျိုးပြီး ဥယျာဉ်ခြံတွင်လိမ္မော်၊ သံပုရာ၊ ငှက်ပျော၊ ဟင်းသီး/ ရွက်နှင့် ဝဥပင်များစိုက်ပျိုးကြသည်။ စားကျက်မြေဧက (၅၀၀) နှင့်ကြိုးဝိုင်းသစ်တောမြေဧက (၁၀၀၀) ရှိပါသည်။ ၎င်းအပြင်ရွှေ့ပြောင်းတောင်ယာဟောင်း စုစုပေါင်းဧက (၈၀၀) နှင့် စားကျက်မြေ ဧက (၅၀၀) ရှိပါသည်။ နွားနောက်များလွတ်ကျောင်းနိုင်ပါသည်။ မွေးမြူရေးလုပ်ကိုင်နိုင်ရန်ရေအရင်းအမြစ်မှာပေါများစွာ ရရှိနိုင်ပါသည်။ မျိုးကောင်းသောနွား/ နွားနောက်များရှိပြီး၊ မတူပီနှင့် မင်းတပ်မြို့များတွင် လွယ်ကူစွာဝယ်ယူရောင်းချနိုင်ပါသည်။

ရွာပတ်ဝန်းကျင်ရှိ ဘုံတလာရေတံခွန်အနီးမှရှားပါးကြိမ်များကို ခုတ်ယူရရှိနိုင်ကြသည်။ ၎င်းကြိမ်ကိုအသုံးပြု၍ ကြိမ်တောင်းများယက်လုပ်ကြပြီး၊ ရောင်းချခြင်းဖြင့်အပိုဝင်ငွေရရှိကြသည်။

ကျောက်ခွဲစက်တခု၌လုပ်သား (၁၂) ဦးခန့်အလုပ်ပေးနိုင်ပြီး ကျောက်ခွဲစက်တည်ထောင်ပေးနိုင်ပါက လက်လုပ်လက်စားများဝင်ငွေရရှိရေးအတွက် အထောက်အကူပြုနိုင်သည်။ ကျေးရွာနှင့်တစ်မိုင်ခန့်ဝေးသောနေရာတွင်ချင်းပြည်နယ်၏ ထင်ရှားကျော်ကြားသောဘုံတလာရေတံခွန် တည်ရှိပါသည်။ ပွင့်လင်းရာသီတွင် နိုင်ငံခြားသားဧည့်သည်တစ်ချို့နှင့် ခရီးသွားများလာရောက်အပန်းဖြေလေ့ရှိပါသည်။ မင်းတပ်-မတူပီ-ထီးဆောင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပါက ခရီးသွားဧည့်သည်လုပ်ငန်းနှင့် အခြားစီးပွားရေးလုပ်ငန်းများပိုမိုကောင်းမွန်လာနိုင်ပါသည်။

UNDP မှထောက်ပံ့ပေးသောသောက်သုံးရေပိုက် (ပီဗွီစီ) များသည်ယခုအထိကောင်းမွန်လျှက်ရှိကြောင်းတွေ့ရသည်။ ယင်လုံအိမ်သာသုံးစွဲမှုနှင့်ပတ်သက်၍ အိမ်တိုင်းနီးပါးယင်လုံ အိမ်သာဆောက်လုပ်သုံးစွဲကြသည်။ ယူအင်ဒီပီစီမံကိန်းဖြင့် ကျန်းမာရေးအမြင်ပွင့်ကြပြီး၊ အိမ်တိုင်းလိုက်နာဆောက်လုပ်ကြကြောင်းတွေ့ရှိရသည်။ လူငယ်လူဦးရေနည်းပါးသော်လည်း ရွာ၏လူမှုရေး၊ နာရေး၊ သာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ညီလက်ညီ ပါဝင်ကြကြောင်းသိရသည်။ နာရေးကိစ္စ၌သချိုင်းတူးပေးခြင်း၊ ပညာရေးစုံညီပွဲတော်တွင် ဧည့်ခံကျွေးမွေးရေးများတွင်ပါဝင်ကြသည်။ ၎င်းအပြင်ဘာသာရေးပွဲများတွင် အကများဖြင့်ဖျော်ဖြေခြင်း၊ ကျွေးမွေးဧည့်ခံခြင်းတို့တွင် ပါဝင်ကူညီကြသည်။

## (ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

ကျေးရွာတွင်ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့အစည်းများရှိသော်လည်း အချင်းချင်းစည်းလုံးစွာလုပ်ဆောင်မှုနှင့်ညှိနှိုင်းလုပ်ဆောင်မှု အားနည်းကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးချေးငွေထုတ်ပေးသောအဖွဲ့အစည်းမရှိသောကြောင့် လက်လှမ်းမှီမှုမရှိပါ။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကျွမ်းကျင်သောလုပ်သားနှင့် ပညာရှင်များကျေးရွာတွင်မရှိပါ။ မိရိုးဖလာနည်းဖြင့်သာစိုက်ပျိုးရိတ်သိမ်းကြသည်။ စပါးဖျက်ပိုးကျရောက်တတ်ပြီး၊ ကာကွယ်ခြင်းနှင့်နှိမ်နင်းမှုဆိုင်ရာ နည်းပညာဗဟုသုတနည်းပါးကြသည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာသင်တန်းများ နှင့်ပတ်သက်၍အကူအညီရယူခြင်းများမရှိပါ။

မွေးမြူရေးချေးငွေနှင့်ပတ်သက်၍ ချေးပေးသောကုမ္ပဏီ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမရှိပါ။ ကျွဲနှင့်နွားနောက်များတွင် ခွါနာ/ လျှာနာနှင့် မျော့ထိုးတတ်ခြင်းများဖြစ်ပွားတတ်ပါသည်။ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာဗဟုသုတများလွန်စွာနည်းပါးပြီး၊ မိရိုးဖလာမွေးမြူခြင်းနှင့် ကုသခြင်းများသာပြုလုပ်ကြသည်။ ကုန်ချောအဖြစ်သို့ပြောင်းလဲထုတ်လုပ်နိုင်သော နည်းပညာနှင့် မတည်ငွေများကိုမတတ်နိုင်ခြင်းများတွေ့ရှိရပါသည်။ ကျေးရွာတွင်မူလတန်းကျောင်းသာရှိပြီး၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများမရှိခြင်းကြောင့် အခက်အခဲရှိပါသည်။ ၎င်းကျောင်းများနှင့်အလှမ်းဝေး၍ပညာသင်ကြားမှုတွင် အဟန့်အတားဖြစ်စေပါသည်။ မတူပီမြို့မှပခုက္ကူဈေးကွက်သို့ ရောင်းချရာတွင် လမ်းခရီးမကောင်းမှုကြောင့် တစ်ချို့သီးနှံများပျက်စီးဆုံးရှုံးမှုများရှိတတ်ပါသည်။ လမ်းမကောင်းခြင်း၊ မြေပြိုခြင်း၊ တံတားကျိုးခြင်းနှင့်မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သီးနှံများလမ်းခရီးတွင်ပုပ်သိုး

ကုန်ပြီး၊ လေလွင့်ဆုံးရှုံးမှုများပြားကြောင်းတွေ့ရှိရသည်။ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပါ က ကုန်စည်စီးဆင်းမှုအားကောင်းနိုင်ပြီး၊ စီးပွားရေးပိုမိုအဆင်ပြေလာနိုင်ပါ သည်။

## (၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ ကျေးရွာသားများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် နည်းဗျူဟာများရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုးရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီးကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များပါဝင်သည်။ ကွင်းဆင်းအဖွဲ့နှင့်တိုင်ပင်ပြီး ရည်မှန်းချက်ပန်းတိုင် (၃) ခုကိုလည်း အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။ ၎င်းတို့မှာ-

(က) ကျွန်ုပ်တို့ရွာလူထုသည် ဝင်ငွေရအသက်မွေးဝမ်းကျောင်း လုပ်ငန်းများတိုးမြင့်လုပ်ကိုင်လာနိုင်ရမည်။

(ခ) ကျွန်ုပ်တို့ရွာလူထုသည်ကျေးရွာမီးလင်းရေးမှတဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

(ဂ) ကျေးရွာလမ်း (ကျေးရွာ-မြို့ဆက်သွယ်သောလမ်း) အဆင့်မြင့်ပြုပြင်ဖောက်လုပ်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာနိုင်ရမည်။

### (ခ) နည်းဗျူဟာ

ကျွန်တော်တို့ ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ မူဝါဒဆိုင်ရာအကူအညီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များစွာလိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်များပြားလာစေရေး၊ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍများ လက်လှမ်းမှီရရှိစေရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် နည်းပညာရရှိစေရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးရွာနှင့်မတူပီမြို့နယ်နှင့် ပြည်နယ်အစိုးရတို့ဖြင့် ဆက်စပ်လုပ်ကိုင်မှု တိုးချဲ့ရန်လိုပါသည်။

(က) တစ်နှစ်ပတ်လုံးသီးနှံ စိုက်ပျိုးမထုတ်လုပ်နိုင်သော်လည်း၊ ဝဥအဓိကစိုက်ပျိုးခြင်း၊ လယ်စပါးပိုမိုစိုက်ပျိုးခြင်းနှင့် ရာသီသီးနှံအချို့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေအထိုက်အလျောက်ရရှိနိုင်ပါသည်။ သို့သော်သီးနှံပိုထွက်ရန်တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးခြင်းနှင့် သဘာဝမြေသြဇာသုံးစွဲခြင်း၊ ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းနည်းများ၊ ဘဏ်လုပ်ငန်းနှင့် ချေးငွေဆိုင်ရာအစီအစဉ်များ၊ စုပေါင်းရောင်းချ/ဝယ်ခြင်းများ အပါအဝင်

နည်းစနစ်ကောင်းများသုံးရန် ဖန်တီးပေးရပါမည်။ နွေရာသီတွင်ရေရှားပါးမှုကြောင့် အစက်ချစိုက်ပျိုးနည်းစနစ်များပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။

(ခ) လယ်မဲ့ယာမဲ့နှင့်လယ်ယာမြေ အနည်းငယ်ပိုင်ဆိုင်သူများကို အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးရေးအားပေးဆောင်ရွက်မည်။ ရွှေ့ပြောင်းတောင်ယာမှအမြဲတမ်း လယ်ယာသို့ပြုပြင်ပြောင်းလဲရန်လိုအပ်ပါသည်။ အစိုးရ၏ထောက်ပံ့ကြေးပေးမှု အစီအစဉ်များလည်းထည့်သွင်းစဉ်းစားနိုင်ပါသည်။ မြေယာမဲ့အိမ်ထောင်စု အနည်းငယ်သာရှိပြီး တစ်ရွာလုံးနီးပါးဝဥစိုက်ပျိုးကြသည်။ ဝဥမျိုးများရှားပါးလာခြင်းကြောင့် ဝဥမျိုးထုတ်လုပ်သည့်နည်းစနစ်များတောင်သူများအား လက်ဆင့်ကမ်းသင့်ပါသည်။ ၎င်းအပြင်ဈေးကွက်သို့တန်ဖိုးမြှင့်ထုတ်လုပ်သည့် နည်းစနစ်များသင်ကြားပေးခြင်းဖြင့် ဝဥအခြောက်များရောင်းချနိုင်မည်ဖြစ်သည်။ သို့မှသာတောင်သူများဝင်ငွေပိုမိုရရှိလာနိုင်ပြီး စီးပွားရေးအဆင်ပြေနိုင်ပါသည်။

(ဂ) လယ်မဲ့ယာမဲ့နှင့် ဆင်းရဲသားလယ်သမားများအား ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ပြီးအပိုဝင်ငွေရရှိစေမည်။ ကျေးရွာ၏အိမ်ခြံဝင်းများသည် ကျယ်ဝန်းသဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ကိုင်နိုင်သည်။ နွားနောက်မွေးမြူရေးသည် ချင်းပြည်နယ်၏အထင်ကရမွေးမြူရေးဖြစ်ပြီး၊ အသားခြောက်ပြုလုပ်ပြီး၊ အခြားဒေသများသို့ရောင်းချပါကဝင်ငွေပိုမိုရရှိနိုင်သည်။ သို့သော်အခြောက်လှမ်းရန်အခြောက်ခံစက်၊ အသားခြောက်ထုတ်လုပ်သောနည်းပညာနှင့် အခြားဈေးကွက်ချိတ်ဆက်မှုများလည်း စီမံဆောင်ရွက်သင့်ပါသည်။

(ဃ) လယ်မဲ့ယာမဲ့ဆင်းရဲသားများ ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်အကိုင်များဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများဖော်ဆောင်ပေးရေး၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုကျွမ်းကျင်ရေး၊ လုပ်ငန်းသစ်များစွန့်ထွင်လုပ်ကိုင်ရေး၊ တစ်နိုင်တပိုင်ကျေးလက် ကုန်ထုတ်လုပ်ငန်းများတိုးပွားလာပြီး အနီးအနားတဝိုက်ဈေးများတွင် ထုတ်ကုန်များရောင်းချရေးတို့ကိုလုပ်ရပါမည်။

(င) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်းအသေးစားလုပ်ငန်းများအတွက် ချေးငွေများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိရန် ပိုမိုကောင်းမွန်သောဘဏ်လုပ်ငန်းများ လိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှုပေးသည့်ဘဏ်နှင့် ငွေချေးယူမည့်ကျေးရွာသားများကိုစွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများဘက်မှဘဏ်သို့ အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြု ငွေစုငွေချေးလုပ်ငန်းကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာငွေကြေးဝန်ဆောင်မှု ပေးသောဘဏ်များနှင့် ချိတ်ဆက်မိပြီးကျေးရွာ

ငွေစုငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြုပ်နှံငွေပိုမို အားကောင်းလာမည်ဖြစ်သည်။ ငွေထုတ်ချေးမည့်ဘက်မှလည်း ဘဏ်နှင့် ငွေကြေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှဆွေးနွေးညှိနှိုင်း တောင်းဆိုမှုများ လုပ်ရန်လိုအပ်သည်။ သို့မှသာကျေးလက်ဒေသနေပြည်သူများထံသို့ ငွေကြေးဝန်ဆောင်မှုနှင့် ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက်လောက် ရှိနိုင်ပေမည်။

(စ) ကျေးရွာမီးလင်းရေးအတွက် ရေကြီးမှုကြောင့်ပျက်စီးနေသော အသေးစားရေအားလျှပ်စစ်စနစ်အား ပြန်လည်ပြုပြင်ပါမည်။ အဆိုပါဆိုလာစနစ်သည် မိုးတွင်းကာလအတွက် သာအသုံးပြုနိုင်မှုရှိပါသည်။ ထို့ကြောင့် ဆိုလာစနစ်ဖြင့်မီးလင်းနိုင်ရေးကိုပါ စီမံကိန်းချမှတ်ဆောင်ရွက်ကြပါမည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဇဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း မှန်မှန်စိစစ်သွားနိုင်ပါမည်။

### (ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေး

စိုက်ပျိုးရေးဌာနနှင့် တိမွေးကုဦးစီးဌာနတို့သည် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာများအားဖြန့်ဖြူးပေးနိုင်ရန်လိုအပ်ပါသည်။ မိုးရာသီတွင်မိုးရေဖြင့်စပါးစိုက်ပျိုးကြသော်လည်း နွေရာသီတွင်ရာသီသီးနှံများ စိုက်ပျိုးရန်စိုက်ပျိုးရေအခက်အခဲရှိပါသည်။ ရွှေ့ပြောင်းတောင်ယာကို စိုက်ပျိုးခြင်းများကြောင့် သစ်တောပြုန်းတီးခြင်းများ၊ မြေဆီလွှာပြုန်းတီးမှုဖြစ်ပွားလာခြင်းများကြောင့်၊ အမြဲတမ်းလယ်ယာများပြုပြင်ဖော်ထုတ်ပေးသင့်ပေသည်။ သက်ဆိုင်သော

အစိုးရဌာနများမှ လိုအပ်သောစိုက်ပျိုးရေးအကူအညီများ အထောက်အပံ့များပေးနိုင်က ပိုမိုအဆင်ပြေ နိုင်ပေမည်ဖြစ်သည်။

၎င်းအပြင်စိုက်ပျိုးထားသောသီးနှံများအား၊ အထူးသဖြင့် ဝဥစိုက်ခင်းများအား နွားနောက်များ ဖျက်ဆီး၍ ဆုံးရှုံးမှုများနှစ်စဉ်ကြုံတွေ့ကြရသည်။ ထိုပြဿနာများအားရပ်ရွာဓလေ့အရ ဖြေရှင်းလေ့ ရှိပြီး၊ အစိုးရဌနမှလည်းထိရောက်သော အရေးယူမှုများမပြုလုပ်နိုင်ပေ။ နွားနောက်သည် လွှတ်ကျောင်း မွေးမြူရသော ဓလေ့ရှိပြီး၊ စားကျက်မြေသတ်မှတ်၍မွေးမြူပါက ပိုမိုအဆင်ပြေနိုင်ပါသည်။ နွားနောက် များအားစုပေါင်းလွှတ်ကျောင်း၍ အလှည့်ကျထိန်းကျောင်းသောစနစ်သည် ပိုမိုထိရောက်အဆင်ပြေနိုင် သည်ဟု မွေးမြူရေးဦးစီးဌာနမှ ထောက်ခံမှုပေးပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

မတူပီမြို့နယ်တွင် မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးရေးဘဏ်မရှိခြင်းသည် စိုက်ပျိုးသူတောင်သူများအ တွက်အခွင့်အလမ်းတစ်ရပ်ဆုံးရှုံးစေပါသည်။ ဘဏ်လုပ်ငန်းများအားဆင်းရဲတောင်သူ၊ အလယ်အလတ် တောင်သူနှင့် တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အ သေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအစီအစဉ်**

နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအ ထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာတစ်နှစ်ပတ် လုံးဝန်ဆောင်မှုရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်သင့်ပါသည်။ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သောစီး ပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်လုံလောက်သောရန် ပုံငွေလည်းရှိရပါမည်။ ၎င်းအဖွဲ့သည်သက်ဆိုင်ရာလုပ်ငန်းအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာငွေကြေးဝန် ဆောင်မှုပေးသော အဖွဲ့များနှင့်ချိတ်ဆက်၍ အသေးစားလုပ်ငန်းများဖွံ့ဖြိုးရန် လုပ်ဆောင်သင့်ပါသည်။ ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များအားလည်းကျေးရွာများလက်လှမ်းမီစွာရရှိရန်လုပ်ဆောင် ပေးသင့်ပါသည်။

**(င) လမ်းပန်းဆက်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား လွန်စွာအ ထောက်အကူဖြစ်စေပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းမှုကြောင့် ကုန်စည်စီးဆင်းမှုအားနှောင့် နှေးစေပြီး၊ အမြတ်ရရှိမှုအားလျော့နည်းစေပါသည်။ တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ မိုးရာသီတွင် သွားလာရခက်ခဲမှုကြောင့် စီးပွားရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများအား ထိခိုက်မှုရှိ စေပါသည်။ ထို့ကြောင့်ကျေးရွာတွင်းလမ်းအား သက်ဆိုင်ရာကျေးလက်ဦးစီးဌာနမှ တာဝန်ယူ၍ဆောင်

ရွက်လုပ်ကိုင်စေလိုပါသည်။ ၎င်းအပြင် မတူပီ-ပလက်ဝကားလမ်းမကြီးသည် မတူပီမြို့၏ အဓိကသွေး ကြောကြီးတစ်ခုဖြစ်သောကြောင့် ဆောက်လုပ်ရေးဦးစီးဌာနနှင့် ထွေအုပ်ဌာနတို့မှ နိုင်ငံတော်အစိုးရ ဘတ်ဂျက်၊ ပြည်နယ်အစိုးရဘတ်ဂျက်များဖြင့် ကောင်းမွန်စေရန်ပြုပြင်စေလိုပါသည်။ ယခုနှစ် ၂၀၁၅ ခုနှစ်တွင် မိုးသည်းထန်စွာရွာ သွန်းမှုကြောင့်မြေပြိုခြင်း၊ လမ်းပျက်ခြင်းနှင့် တံတားကျိုးခြင်းများ နေရာအနှံ့အပြားဖြစ်ပွားခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရပါသည်။

## (စ) ကျေးရွာမီးလင်းရေး

ကျေးရွာပိုင်အသေးစားရေအားလျှပ်စစ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မျောပါပျက်ဆီး ခဲ့သည်။ ကျေးရွာလူထုမှရွာပိုင်ရန်ပုံငွေဖြင့် ပြန်လည်ထူထောင်ရန်အားစိုက်ထုတ်မှုမပြုနိုင်သေးပေ။ ပျက်ဆီးဆုံးရှုံးမှုနှင့်ပတ်သက်၍ ထွေအုပ်ဦးစီးဌာနသို့အစီရင်ခံစာတင်ပြထားပြီး ဖြစ်သော်လည်း၊ နေရာ အနှံ့ပျက်ဆီးမှုများပြားသောကြောင့် အစိုးရဌာနများမှကူညီဆောင်ရွက်ခြင်းမပြုနိုင်သေးပေ။ ထို့ကြောင့် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရမ ှကျေးရွာလျှပ်စစ်မီးရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာမီးလင်းလာနိုင်စေပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေနိုင်ပါမည်။

# (၈) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ

## (က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ် ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ် တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေ သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ် ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

(၁) ငွေကြေး ရင်းနှီးမြှပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံး စရိတ်၊

(၃) အထွေထွေ ရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများ နှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

**ဦးစားပေးစီမံချက် အဆင့်ရွေးချယ်သတ်မှတ်ခြင်း**

| စဉ် | ကဏ္ဍ | စီမံချက် | အမှတ်ပေါင်း | အဆင့် | စီမံချက် |
|---|---|---|---|---|---|
| ၁ | စီမံအုပ်ချုပ်ရေး | ❖ ရပ်မိရပ်ဖများ၊ခရစ်ယန်သင်းအုပ်ဆရာများအားစွမ်းဆောင်ရည်ပေးခြင်း။ | ၈၃ | ၄ | ❖ စည်းလုံးမှုဆိုင်ရာအမြင်ပွင့်သင်တန်းပေးခြင်း<br>❖ ပူးပေါင်းပါဝင်မှုဆိုင်ရာသင်တန်းများပေးခြင်း |
| ၂ | စိုက်ပျိုးရေး | ❖ သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာနှင့်ဝန်ဆောင်မှုများတိုးတက်အောင်ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | ❖ ဥယျာဉ်ခြံအတွက်သံဆူးကြိုးဖြင့်ကာရံပေးခြင်း (၄၄.၅) ဧက။<br>❖ နွားနောက်နှင့်ပတ်သက်၍ထိရောက်သောဥပဒေပြဋ္ဌာန်းရေး<br>❖ ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းပညာများပို့ချပေးခြင်း။<br>❖ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်(ပီဗွီစီ)ပိုက်ထောက်ပံ့ပေးရန်။ |
| ၃ | မွေးမြူရေး | ❖ မွေးမြူရေးလုပ်ငန်းများတိုးတက်အကောင်ထည်ဖော်ဆောင်ရွက်ရေး | ၈၃ | ၃ | ❖ မွေးမြူရေးဆိုင်ရာကုသရေးသင်တန်းများပေးခြင်း။ |
| | | | ၇၉ | ၆ | ❖ မွေးမြူရေးစီမံကိန်းအတွက်ချေးငွေများရရှိရန်လုပ်ဆောင်ခြင်း။ |
